# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်
## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၃၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၀.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၄) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၅) လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၆) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၇) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၈) ဆောမဲဆန္ဒနယ်မှ ဦးဋ္ဌေးမောင် ခွင့် ၁ ရက်၊

(၉) ဒိုက်ဦးမဲဆန္ဒနယ်မှ မင်းဆွေ ခွင့် ၁ ရက်၊

(၁၀) အင်ပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၁) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၂ ရက်၊

(၁၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၁၃) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၄) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၅) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၇) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၁၈) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၉) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၂၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၂၂) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၂၃) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်နှင့်

(၂၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးများကို နိုင်ငံသားကတ်ထုတ်ပေးရန် နှစ်ပေါင်းများစွာ ကြန့်ကြာနေပါသဖြင့် နိုင်ငံသားကတ်အလွယ်တကူထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တံတား မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းက မိခင်နိုင်ငံသား၊ ဖခင်နိုင်ငံသားနှစ်ဦးမှ မွေးဖွားလာသော သားသမီးသည် အလိုအလျောက်နိုင်ငံသားဖြစ်သင့်/မဖြစ်သင့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါ

**မူကြမ်း**

တယ်။ လေးစားရပါသောဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနိုင်ငံအတွင်းမှာ ရှေးပဝေသဏီကတည်းက အတူတကွ အေးအတူပူအမျှ နေထိုင်ကြသူများဟာ ကျွန်တော်တို့ နိုင်ငံသားများလို့သတ်မှတ်ထားရမှာဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ခြင်း/မဖြစ်ခြင်းဆိုသော သက်သေခံလက်မှတ်ကို နိုင်ငံတော်က ၁၉၅၀ ခုနှစ်ကျော်ပတ်ဝန်းကျင်မှသာ စတင်လုပ်ကိုင်နိုင်ပြီး ယနေ့အချိန်ထိ တစ်နိုင်ငံလုံးမဆောင်ရွက်နိုင်သေးတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးများကြားတွင် တည်ရှိနေသဖြင့် သေချာစွာစိစစ်နေရမှာလည်း ဖြစ်ပါတယ်။ နယ်မြေအခြေအနေအရ နိုင်ငံတော်ဘက်မှာလည်း ယခင်ကတည်းက အားနည်းချက်များရှိခဲ့တာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးတဲ့နေရာမှာ အဆင့်ဆင့်စစ်ဆေးထုတ်ပေးထားတဲ့ ဖခင်နိုင်ငံသား၊ မိခင်နိုင်ငံသားနှစ်ဦးမှ မွေးဖွားလာသောကလေးသည် သွေးနှောဖြစ်သဖြင့်ဆိုသောအကြောင်းပြချက်ဖြင့် နှစ်နှင့်ချီပြီး စိစစ်နေသောအနေအထားဖြစ်သင့်/မဖြစ်သင့် ပြန်လည်သုံးသပ်ပေးရန်နှင့် မူလသွေးနှောမိခင်၊ ဖခင်ကတည်းက နိုင်ငံသားမဖြစ်သင့်ပါက နိုင်ငံသားကတ်ထုတ်ပေးရန် ငြင်းဆန်ရမှာဖြစ်သော်လည်း သားသမီးကို ငြင်းဆန်နေခြင်းသည်ဖြစ်သင့်/မဖြစ်သင့်နှင့် ၎င်းမိဘနှစ်ဦးမှမွေးဖွားသော သားသမီးဟုတ်/မဟုတ်သာ စိစစ်သင့်ပါကြောင်းနှင့် သံသယရှိပါက ယနေ့ခေတ် DNA စစ်ဆေးသောနည်းအပါအဝင်နည်းပေါင်းစုံနဲ့ စစ်ဆေးနိုင်ပြီဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော သားသမီးများကို နိုင်ငံသားကတ်ထုတ်ပေးရန် နှစ်ပေါင်းများစွာ ကြန့်ကြာနေပါသဖြင့် နိုင်ငံသားအဖြစ် ဆုံးရှုံးနေခြင်းသည် နိုင်ငံတော်ကို အယုံအကြည်ကင်းမဲ့စေပါသဖြင့် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများကို အလွယ်တကူစိစစ်ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ ရှိပါက မည်သည့်ပုံစံနဲ့ထုတ်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံသားများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဦးဝင်းမြင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောသားသမီးများကို နိုင်ငံသားကတ်ထုတ်ပေးရန် နှစ်ပေါင်းများစွာ ကြန့်ကြာနေပါသဖြင့် နိုင်ငံသားအဖြစ် ဆုံးရှုံးနေခြင်းသည် နိုင်ငံတော်ကို အယုံအကြည်ကင်းမဲ့စေပါသဖြင့် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူကို အလွယ်တကူထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့်နည်း၊ ရှိပါက မည်သည့်ပုံစံနှင့် ထုတ်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်နှင့် ပတ်သက်၍ ဖြေကြားရလျှင် မြန်မာနိုင်ငံမှာ နေထိုင်ကြသူများ၏ နိုင်ငံသားစိစစ်ခြင်းကို တည်ဆဲဥပဒေဖြစ်သော မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားတွေကို မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဟူ၍ နှစ်မျိုးသတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများဟာ မြန်မာနိုင်ငံသားများ ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၅ တွင် တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း၊ မွေးရာပါ နိုင်ငံသားဖြစ်သည်ဟု ဖော်ပြထားသဖြင့်လည်းကောင်း တိုင်းရင်းသားများသည် မွေးရာပါနိုင်ငံသားများဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅ နှင့် အကျုံးဝင်သည့် တိုင်းရင်းသားမွေးရာပါနိုင်ငံသားများဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် မှားယွင်းမှုမရှိနိုင်သည့်အတွက် အစိုးရသစ်တာဝန်ယူတဲ့အချိန်ကာလမှစ၍ မိုးပွင့်စီမံချက်အဆင့်(၁)မှ

အဆင့်(၇)အထိလည်းကောင်း၊ ယခု နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း မိုးပွင့်အထူးစီမံချက်ဖြင့်လည်းကောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းမရှိသေးသူတစ်ဦးမှ မကျန်ရှိအောင်ရည်မှန်းပြီး ကွက်ပြည့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မွေးရာပါနိုင်ငံသား ၆.၄ သန်းကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်လည်း ယခုလကုန်အထိ ဆောင်ရွက်လျက်ရှိကြောင်း ဖြေရှင်းလိုပါတယ်။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ တွင် ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသား ဖြစ်သည်။ သို့ရာတွင် ပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်နှင့် ငြိစွန်းလျှင် ယင်းပုဒ်မအရ အရေးယူခြင်းခံရမည်ဟု ဖော်ပြပါရှိထားပါတယ်။ ပုဒ်မ ၆ ပါနိုင်ငံသားဖြစ်ပြီးသူဆိုသည့်စကားရပ်သည် မြန်မာနိုင်ငံသားဥပဒေမပေါ်မီ ယခင်နိုင်ငံသားဥပဒေများအရ နိုင်ငံသားဖြစ်ခဲ့သူများကို ယခုမြန်မာနိုင်ငံသား ဥပဒေက နိုင်ငံသားအဖြစ် ဆက်လက်သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုသူများမှာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံသားအဖြစ်ရရှိထားသူများဖြစ်ပါတယ်။ ထိုသူများထဲတွင် နိုင်ငံခြားသားများ၊ နိုင်ငံခြားသားသွေးနှောများမှ ဥပဒေနှင့်အညီလျှောက်ထားပြီး ဥပဒေသတ်မှတ်ချက်များအရ နိုင်ငံသားအဖြစ်ရရှိလာသူများ ဖြစ်ကြပါတယ်။ ထိုသူများမှမွေးသော သားသမီးများဟာ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၇ အရ နိုင်ငံသားများ ဖြစ်ကြပါတယ်။ ထိုသူများကိုလည်း ဥပဒေအရနိုင်ငံသားဟု သတ်မှတ်ထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားအဖြစ် သတ်မှတ်ရမည့် နိုင်ငံခြားသားများမှာ နိုင်ငံသားဖြစ်လာသူများ နိုင်ငံခြားသားသွေးနှောများမှ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကြောင့် နိုင်ငံသားဟု သတ်မှတ် မှတ်ယူရမည့်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းဟာ ရုံးမှတ်တမ်းမှတ်ရာအထောက်အထားများဖြင့် သေချာစွာတိုက်ဆိုင်စိစစ်ရ၍ မိုးပွင့်စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်မှုတွင် ပါဝင်ဆောင်ရွက်ပေးခြင်းမရှိပါ။ ၎င်းတို့အား သက်ဆိုင်ရာမြို့နယ်ရုံးများတွင်သာ လျှောက်ထားလာပါက စိစစ်လက်ခံ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရာတွင် ကြာမြင့်ချိန်နှင့်ပတ်သက်၍ မွေးရာပါနိုင်ငံသားတိုင်းရင်းသားများဖြစ်ပါက အများဆုံး (၂၈)ရက်အတွင်း ထုတ်ပေးရန်နှင့် ဥပဒေအရနိုင်ငံသားသွေးနှောများဖြစ်ပါက ၎င်းတို့တင်ပြရမည့် အထောက်အထားစုံလင်မှုနှင့် ရုံးမှတ်တမ်းနှင့်တိုက်ဆိုင်စစ်ဆေးနိုင်မှုအပေါ် မူတည်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများထံ တစ်မှုချင်း

**မူကြမ်း**

အလိုက် အထောက်အထားများဖြင့် Case by case တင်ပြရခြင်းများကြောင့် ထိုက်သင့်သည့် အချိန်ကြာမြင့်နိုင်ကြောင်းကိုလည်း ပြည်သူလူထုထံ အသိပေးကြေညာထားပြီးလည်းဖြစ်ပါတယ်။ လိုအပ်သည်ထက် ပိုမိုကြာမြင့်ခြင်းမရှိရန်လည်း ဦးစီးဌာန(ရုံးချုပ်)မှ အပတ်စဉ် ဆောင်ရွက်နိုင်မှု အပေါ် Mornitoring Group ထားရှိပြီးတော့မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလို ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးတဲ့ နိုင်ငံသားမိဘ နှစ်ပါးမှ မွေးဖွားသော သားသမီးများအား အလွယ်တကူ ထုတ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းမှုအား အလွယ်တကူထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ မြန်မာ နိုင်ငံသားဥပဒေအရ မွေးကတည်းက နိုင်ငံသားအရည်အချင်းရှိတဲ့ မွေးရာပါနိုင်ငံသား တိုင်းရင်းသား များကိုသာ အလွယ်တကူ ထုတ်ပေးနိုင်မည်ဖြစ်ပြီး ဥပဒေအရ နိုင်ငံသားများအတွက် တင်ပြသော အထောက်အထားများ မှန်ကန်မှုရှိ/မရှိ၊ မိဘနှစ်ပါးရရှိထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားသည် ဥပဒေနှင့်အညီ မှန်ကန်စွာထုတ်ပေးထားခြင်းရှိ/မရှိ အထောက်အထားများဖြင့် စိစစ်ပြီးမှသာ ထုတ်ပေးနိုင်မည်ဖြစ်ပါတယ်။

မိဘနှစ်ပါးရရှိထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြန်လည်စိစစ်ရခြင်းနှင့် ပတ်သက်၍ တင်ပြရလျှင် မြန်မာနိုင်ငံသားဥပဒေကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံသားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းအား ၁၉၈၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ခဲ့ပါတယ်။ စတင်ဆောင်ရွက်စဉ် မြန်မာနိုင်ငံ အတွင်း နေထိုင်သူများအားလုံးကို တစ်ပြိုင်တည်းဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် အသက်(၁၀)နှစ် ပြည့်ပြီး အမျိုးသားမှတ်ပုံတင်မရှိသေးသောသူများ၊ အသက်(၁၈)နှစ်ပြည့်ပြီးသူများ၊ အသက်(၃၀)နှစ် ပြည့်ပြီးသူများကို အဆင့်(၃)ဆင့်ခွဲ၍ တစ်ဆင့်ချင်းအလိုက် သေချာစွာစိစစ်ပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ လက်မှတ်ရေးထိုး၍ စနစ်တကျ နိုင်ငံသားစိစစ်ရေးကတ်ပြာထုတ်ပေးခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်တင်မြှောက်ပွဲတွင် မဲဆန္ဒပေးခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်မဲပေးနိုင်စေရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ လမ်းညွှန်ခဲ့တဲ့အတွက်

ကြောင့် ၁၉၈၉-၁၉၉၀ ပြည့်နှစ်တွင် အထူးစီမံချက်ဖြင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့ရပါတယ်။ အချိန်နှင့်အရေအတွက် မျှတမှု မရှိသဖြင့် သတ်မှတ်ကာလအပြီးဆောင်ရွက်နိုင်ရန် မိမိဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိဘဲ လုပ်အားပေးများစွာဖြင့် ဆောင်ရွက်ခဲ့ရ၍ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူ အချို့သည်လည်းကောင်း၊ တိုင်းရင်းသားမဟုတ်သူများမှလည်းကောင်း၊ လူမျိုးနှင့် ကိုယ်ရေးအချက် အလက်များ ဖုံးကွယ်လျက်တိုင်းရင်းသားအဖြစ် မဟုတ်မမှန်ဖော်ပြ လျှောက်ထားခဲ့ကြရာ ဥပဒေနှင့် အညီ သေချာစွာစိစစ်နိုင်ခြင်းမရှိခဲ့ဘဲ ရွေးကောက်ပွဲအမီ ကတ်ပြားထုတ်ပေးနိုင်ရေးကိုသာ ဦးတည် ခဲ့ရသဖြင့် မမှန်ကန်သူများလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိခဲ့တာကို ပြန်လည်တွေ့ရှိခဲ့ရပါ တယ်။ လုပ်ငန်းမြန်ဆန်စေရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားလက်မှတ်ရေးထိုးခွင့်ကို မြို့နယ် ဦးစီးဌာနမှူးများမှ ဆောင်ရွက်ခဲ့ပါတယ်။ ထိုအချိန်တုန်းက အသက်(၁၈)နှစ်ပြည့်ပြီးသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်၍ ပြည်တွင်းနေထိုင်ခွင့်ရှိသူ နိုင်ငံခြားသားများ၊ နိုင်ငံခြားသားမှတ်ပုံတင်ရေး နည်းဥပဒေကိုလိုက်နာရန်လိုအပ်သော ၎င်းတို့၏ သားသမီးများ၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ရန် ပျက်ကွက်နေသူများ၊ ကိုင်ဆောင်ပြီး သော်လည်း လဲလှယ်မှုပျက်ကွက်နေသူများနှင့် နိုင်ငံခြားမှ နိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်နေထိုင်သူ များ၊ ၎င်းတို့နှင့် သွေးနှော၍ မွေးဖွားလာသူများလည်းရှိနေကြရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ် ပေးရေးလုပ်ငန်းမှာ ၎င်းတို့ရောနှောပါဝင်မှုမရှိစေရေးအတွက် အထောက်အထားများကို တိုက်ဆိုင် စိစစ်နေရခြင်းများရှိပါတယ်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ မြို့နယ်ဦးစီးဌာနမှူးများမှ လက်မှတ် ရေးထိုးခွင့်ပေးခဲ့ပြီး မှားယွင်းမှုများရှိနေသည့်အတွက် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ သွေးနှောလူမျိုးများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တိုင်း/ပြည်နယ်ဦးစီးဌာနမှူးများအား စိစစ် လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ တဖန် လုပ်ငန်းများဆောင်ရွက်ရာမှာ နိုင်ငံသားဆိုင်ရာအမှုတွဲများကို သက်ဆိုင်ရာ ခရိုင်များနှင့် ပြည်နယ်/တိုင်းဒေသကြီးများသို့ အဆင့်ဆင့်တင်ပြနေကြရသဖြင့် မလိုလား အပ်သော နှောင့်နှေးကြန့်ကြာမှုများရှိခြင်းနှင့် လုပ်ငန်းအရှိန်အဟုန် မြင့်မားမှုအတွက် အဟန့်အတား သဖွယ်ဖြစ်နေခြင်းတို့ကြောင့် လုပ်ငန်းရပ်များ လျင်မြန်စွာသွက်လက်မှုရှိပြီး လွယ်လင့်တကူဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးနိုင်ရန်ရည်ရွယ်၍ မြို့နယ်ဦးစီးဌာနမှူးများအား လက်မှတ်ရေးထိုး ထုတ်ပေးစေခဲ့ခြင်းပဲဖြစ်ပါတယ်။

**မူကြမ်း**

ယခု လွှတ်တော်ကိုယ်စားလှယ် တင်ပြသလို ဟိုစဉ်အခါကတည်းက လွယ်ကူလျင်မြန်စွာ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ပေးခဲ့သော်လည်း မြို့နယ်ဦးစီးဌာနမှူးများ၏ မြန်မာနိုင်ငံသားဥပဒေအပေါ် ကျွမ်းကျင်မှု အားနည်းခြင်းကြောင့်လည်းကောင်း၊ လျှောက်ထားသူများမှ လိမ်လည်လျှောက်ထားမှုများအား စိစစ်မှုအားနည်းခြင်းကြောင့်လည်းကောင်း၊ မလွန်ဆန်နိုင်သော အဖွဲ့အစည်းများ၏ ဖိအားများကြောင့်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုများကြောင့်လည်းကောင်း စသည့်အဂတိတရားလေးပါးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဥပဒေနှင့်အညီသေချာစွာ စိစစ်နိုင်ခြင်းမရှိဘဲ ၎င်းတို့၏ လုပ်ပိုင်ခွင့်အပြင် အလွယ်တကူထုတ်ပေးကြခြင်းကြောင့် မှားယွင်းမှုများ ရှိခဲ့ကြောင်းတွေ့ရှိရပါတယ်။ ထို့ကြောင့် ၂၀၀၀ ပြည့်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှစ၍ မြို့နယ်မှူးလက်မှတ်ရေးထိုးမည့်အစား တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများ လက်မှတ်ရေးထိုးခြင်းကို ယနေ့အထိ ဆောင်ရွက်လျက်ရှိကြောင်းရှင်းလင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ စီမံချက်ကာလအပါအဝင် နောက်ပိုင်းကာလများတွင် သေချာစွာစိစစ်မှု အားနည်းသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြန်လည်စိစစ်နိုင်ရေးအတွက် ကာယကံရှင်မှ နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးပျက်စီး၍ မိတ္တူလာရောက်လျှောက်ထားလျှင်သော်လည်းကောင်း၊ သားသမီးများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်လျှောက်ထားလျှင်သော်လည်းကောင်း၊ ၎င်းတို့၏ နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးထားမှုတို့အား မှန်ကန်မှုရှိ/မရှိ ဥပဒေနှင့်အညီ ပြန်လည်စိစစ် ဆောင်ရွက်လျက်ရှိကြောင်းဖြေကြားလိုပါတယ်။ ထိုကဲ့သို့ ပြန်လည်စိစစ်ခြင်းအားဖြင့် မှန်ကန်စွာ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများအတွက် မည်သည့်ပြဿနာမှမရှိဘဲ ၎င်းတို့၏ နိုင်ငံသားဖြစ်မှုအခြေအနေ ပိုမိုခိုင်မာစေမှာဖြစ်ပါတယ်။ မဟုတ်မမှန် လိမ်ညာဖော်ပြထား၍ ရရှိထားသူများ၊ ဥပဒေနှင့်အညီသေချာစွာ စိစစ်မှုအားနည်း၍ အလွယ်တကူရရှိထားသူများဖြစ်ပါက ပြန်လည်စိစစ်ခြင်းအားဖြင့်အမှန်ကို ပြန်လည်တည့်မတ်နိုင်ပြီး နိုင်ငံသားအရည်အချင်းရှိ/မရှိကိုလည်း ဥပဒေနှင့်အညီ ဖော်ထုတ်သိရှိနိုင်မည်ဖြစ်တဲ့အတွက်ကြောင့်မို့ ပြန်လည်စိစစ်ခြင်းဖြင့် ကာယကံရှင်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း နှစ်ဦးနှစ်ဘက်အကျိုးရှိစေမည်ဖြစ်ပါတယ်။

**မူကြမ်း**

နိုင်ငံသားဖြစ်ခြင်းသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်နှင့် အညီ နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံသားအရည်အချင်း ပြည့်မီခြင်းမရှိသူတစ်ဦးအား နိုင်ငံသားအဖြစ် ခွင့်ပြုခဲ့ပါက နိုင်ငံတော်အတွက် ရေရှည်တွင် အန္တရာယ် များနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီးဖြစ်ကြောင်းဖြေကြားလိုပါတယ်။ မိမိဝန်ထမ်း များအနေဖြင့် မိဘ၊ ဘိုးဘွားဆိုင်ရာ အချက်အလက်များအား စနစ်တကျ စိစစ်ရသည့်တာဝန်ရှိ သကဲ့သို့ ကာယကံရှင်များဘက်မှလည်း အထောက်အထားအချက်အလက် ပြည့်စုံမှန်ကန်စွာတင်ပြရန် လိုအပ်ပြီးဥပဒေနှင့်ညီညွတ်လျှင် နိုင်ငံသားအဖြစ်ရရှိမည်ဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံသားစိစစ်ရေး ကတ်ရရှိရန် သတ်မှတ်ထားသည့် နိုင်ငံသားအရည်အချင်းပြည့်မီမှုရှိ/မရှိဆိုသည့် အချက်သည်အရေး ကြီးပြီးတော့ စနစ်တကျ အချိန်ယူစိစစ်ရန်လိုအပ်ကြောင်းကိုလည်း သိရှိနိုင်မည်ဖြစ်ပြီး ကြန့်ကြာမှု များသည် ကာယကံရှင်၏ အထောက်အထားအချက်အလက် ပြည့်စုံမှန်ကန်မှုအပေါ်မှာ မူတည် နေကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများကို အလွယ်တကူ ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့်နည်း၊ ရှိပါက မည်သည့် ပုံစံဖြင့် ထုတ်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများကို အလွယ်တကူ ထုတ်ပေးနိုင်မည်ဖြစ်ပြီး ဥပဒေအရ နိုင်ငံသားများဖြစ်သော နိုင်ငံခြားသား သွေးနှောသူများအတွက် ဥပဒေနှင့်အညီသာ စိစစ်ရသဖြင့် ထိုက်သင့်သည့် အချိန်ကြာမြင့်နိုင်မည်ကို နားလည် ပေးပါရန် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်း ခွင့်ပြုပါ။ မေလ ၂၉ ရက်နေ့က ထုတ်ပြန်တဲ့ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းပင်မအစီရင်ခံစာမှာ ကျွန်တော် တို့ မြန်မာနိုင်ငံရဲ့လူဦးရေကို ၅၁.၄၉ သန်းလို့ ဖော်ပြထားပါတယ်။ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူဦးရေ ၂၈ သန်းကျော်ရှိပြီး အသက် ၁၀ နှစ်နှင့်အထက် လူဦးရေတွင် မည်သည့်ကတ်မျှ မကိုင်ဆောင်သူဦးရေဟာ ၁၁ သန်းကျော်ရှိပါတယ်။ ဒီ ၁၁ သန်းကျော်ဦးရေဟာ အလွန်များပြားတဲ့ လူဦးရေဖြစ်နေပါတယ်။ အဲဒီ မည်သည့်ကတ်မျှမကိုင်ဆောင်တဲ့လူဦးရေ ၁၁ သန်းနဲ့ပတ်သက်ပြီးတော့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ စိစစ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် ထပ်မံမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သန်းခေါင်စာရင်းကောက်ခဲ့တဲ့ အချိန်မှာ သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်တဲ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံ အချိန်မှာရှိတဲ့ စာရင်းကိုပဲ ကျွန်တော်တို့ ကောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခု ကျွန်တော်ခုနက တင်ပြတဲ့ အထဲမှာလည်း ပါသွားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိအနေအထားအားဖြင့် ခုနက ၂၈ သန်း ကျော် ကတ်ကိုင်ဆောင်ထားပြီးတော့မှ ၁၁ သန်းကျော်ကျန်တယ်လို့လည်း ကျွန်တော်တို့က အဲဒီ သန်းခေါင်စာရင်းမှာ ဖော်ပြထားရှိပါတယ်။ လက်ရှိအနေအထားကလည်း ကျွန်တော်တို့ ဒီအစိုးရသစ် ကာလမှာ မိုးပွင့်စီမံချက်နှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်နေတာ မိုးပွင့်အဆင့်(၁) မှ (၇)အထိ စုစုပေါင်း ကတ် ၄၂ သိန်းကျော် ပေးခဲ့ပြီးတော့မှ အခု ကျွန်တော်တို့ မိုးပွင့်အထူးစီမံချက်ကို ဆောင်ရွက်နေတဲ့ ပြီးခဲ့တဲ့ ဇွန်လ ၃၀ ရက်နေ့ထိ စာရင်းအရ စုစုပေါင်းကတ် သိန်း ၂၀ ကျော် ဒါကြောင့်မို့လို့ ကျွန်တော်တို့ ခုနကတင်ပြတဲ့ နိုင်ငံသားစိစစ်ရေးကတ် ၆.၄ သန်းကျော်၊ သိန်း ၆၄ သိန်း ကျော် ဆောင်ရွက်ပေးပြီးလည်း ဖြစ်ပါတယ်။ လက်ရှိအနေအထားကလည်း ကျန်ရှိနေသေးတယ်လို့ ယူဆပြီးတော့မှ ပထမရည်ရွယ်ချက်ကတော့ ဇွန်လကုန်ထိပဲ ဆောင်ရွက်ဖို့ဖြစ်ပြီးတော့မှ အခုမှ ကျွန်တော်တို့က ဇူလိုင်လကုန်ထိ ထပ်မံတစ်လတိုးချဲ့ပြီး ဆက်လက်ဆောင်ရွက်ပြီးမှ ကွင်းဆင်းစိစစ် ပေးပြီးမှ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းမပြုနိုင်ရန်အတွက် အထူးစီမံချက်များဖြင့် ဆောင်ရွက် ခြင်း၊ မူးယစ်ဆေးဝါးများ တရားမဝင်ဆောင်ရွက်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများ ပပျောက်စေရန် အတွက် ဆောင်ရွက်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်သည့်ပြစ်ဒဏ်ချမှတ်ခြင်းကို တိတိ ကျကျ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ယနေ့ မေးမြန်း မယ့်မေးခွန်းကတော့ နောင်အနာဂတ် နိုင်ငံတော်တာဝန်အသီးသီး ထမ်းဆောင်ကြမယ့်မျိုးဆက်သစ် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲရေးမပြုနိုင်ရန်အတွက်နှင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်ဟန့် တားတဲ့ပြစ်ဒဏ်ချမှတ်ခြင်း တိတိကျကျ ဦးစားပေးအဆင့်သတ်မှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ

နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုး ရည်ရွယ်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဘိန်းအပါအဝင် မူးယစ်ဆေးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ဆေးတွေဟာ ကမ္ဘာပေါ်မှာရှိတဲ့လူသားအားလုံး အညွန့်တုံးရန်ပစ္စည်းဖြစ်ပြီး သုံးစွဲပါက လူသားအားလုံးရဲ့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်း ပျက်စီးပြီး လူသားအရင်းအမြစ်များကို ပျက်စီးတဲ့ပစ္စည်းများဖြစ်ပါတယ်။ မူးယစ်ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆက်နွယ်သူတို့ဟာ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ လူသားများရဲ့ ဘုံရန်သူဖြစ်ပြီးတော့ ဒီဘုံရန်သူရဲ့လုပ်ဆောင်မှုကြောင့် သားကောင်ဖြစ်ရတဲ့လူသားများကို အချိန်မီတားဆီးကာကွယ်ဟန့်တား ပညာပေးမှုမပြုနိုင်ရင် သုံးစွဲသူတွေဟာ လူညွန့်တုံးမယ့်အခြေအနေ ရောက်သလို ထိုသူများရဲ့ကာယ၊ ဉာဏစွမ်းအားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံအသီးသီးကနေပြီး တော့ မရရှိတဲ့အပြင် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးအဖြစ် အကျိုးရလဒ်ထွက်လာမှာဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က ဘိန်းနှင့်မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်ကနေ၂၀၁၃-၂၀၁၄ ထိ ငါးနှစ်စီမံကိန်း သုံးကြိမ်သတ်မှတ်ပြီးတော့ ၁၅ နှစ်စီမံကိန်းနဲ့ ရှမ်း(မြောက်)၊ ဝနယ်မြေနဲ့ ရှမ်း(အရှေ့)နယ်မြေမှာ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ ယနေ့အထိ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ်ကြောင့် လျော့နည်းပ ပျောက်မှုလိုအပ်နေတာတွေ့တဲ့အတွက် လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ကနေပြီး ၂၀၁၈-၂၀၁၉ အထိ စတုတ္ထငါးနှစ်စီမံကိန်း စီမံနေကြောင်းတွေ့ရပါတယ်။ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးရေးအဖွဲ့(ဗဟို)အနေနဲ့ တိုင်းနှင့်ပြည်နယ်အလိုက် ထိန်းကျောင်းရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးနှင့်စီမံရေးအဖွဲ့၊ ပြည်သူများ အားပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ ကျောင်းသားကျောင်းသူများအား အသိပညာပေးအဖွဲ့၊ ပြန်လည် ထူထောင်ရေးအဖွဲ့နဲ့ ဖွဲ့စည်းဆောင်ရွက်တာတွေ့ရသော်လည်း ယနေ့အထိ အဆိုပါပစ္စည်းတွေ ထုတ်လုပ်၊ သယ်ဆောင်၊ ဖြန့်ဖြူးနေတာ ဖမ်းဆီးရမိတာကို သတင်းစာထဲမှာနေ့တိုင်းလိုလို များများပြား ပြားတွေ့ရှိနေရတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ တွေ့ရတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့မေးခွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးပပျောက်ရေးအတွက် အဓိကကျတဲ့ထုတ်လုပ်သူ၊ သယ်ဆောင်သူ၊ ဖြန့်ဖြူးသူ၊ ရောင်းချသူနဲ့ သုံးစွဲသူကို ထိရောက်ဟန့်တားတဲ့ပြစ်ဒဏ်ချမှတ်ခြင်း တိတိကျကျဦးစားပေးအဆင့် သတ်မှတ်ဆောင် ရွက်ရန်အစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီးတော့မှ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်ကနေ ၂၀၁၃-၂၀၁၄ အထိ ငါးနှစ်စီမံကိန်း သုံးပိုင်းခွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ ဒီလိုထိန်းချုပ်နိုင်ဖို့ စီမံကိန်းကာလကိုလည်း ၂၀၁၄-၂၀၁၅ ကနေ ၂၀၁၈-၂၀၁၉ အထိ နောက်ထပ်ငါးနှစ် သက်တမ်းထပ်မံတိုးမြှင့်ပြီးတော့မှ အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိပ်နင်းရေးနှင့်စပ်လျဉ်းလို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်လိုပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါ်ဒွဲဘူ၊ ဦးရဲထွန်း၊ ဒေါ်နန်းဝါနု၊ ဒေါ်မိမြင့်သန်း၊ ဦးဝင်းမြင့်၊ ဦးမင်းဆွေ၊ ဦးစောသိန်းအောင်၊ ဦးသိန်းထွန်းဦး၊ သူရဦးအေးမြင့်နှင့် ဦးခမိုင်မုံကွမ်တို့က မေးမြန်းထားတဲ့ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းတဲ့မေးခွန်းနဲ့ အဆိုတွေကိုလည်း အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီမေးခွန်းတွေ၊ အဆိုတွေတင်သွင်းခဲ့ကြတဲ့အပေါ်မှာ အလေးထားလျက်လည်းကောင်း ဇွန်လ ၂၆ ရက်နေ့မှာကျရောက်မယ့်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့လည်းကောင်း၊ လူထုလှုပ်ရှားမှုအသွင်နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်တစ်ရပ်(ယင်းမာစီမံချက်)ကို ၂၆-၅-၂၀၁၅ ရက်နေ့ကနေပြီးတော့ ၂၆-၆-၂၀၁၅ ရက်နေ့အထိအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

စီမံချက်နယ်မြေအဖြစ်ကို မြန်မာနိုင်ငံအထက်ပိုင်းဒေသကို ဇုန်(၁)၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသကို ဇုန်(၂)နှင့် ရှမ်းပြည်နယ်ကို ဇုန်(၃)အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ စီမံချက်ကာလအတွင်းမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တာဆီးကာကွယ်ရေး

ဗဟိုအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ပေးရေးအဖွဲ့၊ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့တို့ကနေပြီးတော့ စီမံချက်ပါလုပ်ငန်းတွေကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဒီယင်းမာစီမံချက်ကို အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းအစည်းအဝေး(၅၄)ကြိမ် ပြုလုပ်ခဲ့ပြီးတော့ မြို့နယ် ၇၁ မြို့နယ်မှာ မူးယစ်ဆေးဝါးပညာပေးဆိုင်းဘုတ် ၁၉၀၀ စိုက်ထူကာ Sticker ပိုစတာ ၅၇၀၀ ဖြန့်ဝေတာကို ဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲတွေကို တစ်နိုင်ငံလုံး ၂၂၃ နေရာမှာ ကျင်းပခဲ့ပြီးတော့မှ အင်အား ၂၅၇၁၇ ဦး တက်ရောက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေနိုင်ခဲ့ပါတယ်။ (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပခြင်းတွေကိုလည်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ပြုလုပ်နိုင်ခဲ့ပါတယ်။ ၂၆-၆-၂၀၁၅ ရက်နေ့မှာကျရောက်တဲ့ (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့မှာ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်အခွန်ဦးစီးဌာနတို့က ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုးကျပ် ၂၇၇၆၈၂.၈ သန်းကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တွေမှာ အခမ်းအနားနဲ့ မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ သီးနှံအစားထိုးစိုက်ပျိုးရေးအဖွဲ့အနေနဲ့လည်း စပ်မျိုးစပါး၊ စပါး၊ မြေပဲ၊ ပဲပုပ်၊ စပ်မျိုးပြောင်း၊ ဓာတ်မြေဩဇာ၊ နှစ်ရှည်ပျိုးပင် ဒါတွေကို ဖြန့်ဝေပေးခြင်းနှင့် စိုက်ပျိုးနည်းစနစ်သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မွေးမြူရေးအဖွဲ့အနေနဲ့လည်း တိရစ္ဆာန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခြင်း၊ ရောဂါဖြစ်ပွားနေတဲ့တိရစ္ဆာန်တွေကို ဆေးကုသပေးခြင်း၊ အခြေခံမွေးမြူရေးနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးသင်တန်း ၂၂ ခုကို ဖွင့်လှစ်ပြီးတော့ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ပညာပေးဆွေးနွေးခြင်းနှင့် တိရစ္ဆာန်ရောဂါအကြောင်း ဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဆေးကုသရေးအဖွဲ့အနေနဲ့ One Stop Service ဖွင့်လှစ်ထားတဲ့ နေရာတွေမှာ လူနာသစ် ၁၅၅ ဦးတက်ရောက်ခဲ့ပြီးတော့ မက်သာဒုန်းဆေးရည်တိုက်ကျွေးရေးစင်တာ ၄၁ နေရာမှာ ဆေးဖြတ်လူနာ ၈၄၀၀ ဦးကို နေ့စဉ် မက်သာဒုန်းဆေးရည်တိုက်ကျွေးမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လူနာသစ်

၅၅၂ ဦးကိုလည်း အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ရှိ/မရှိ စစ်ဆေးပြီးတော့ ၃၂၀ ဦးကို ဘီပိုး ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ၁၁၈၄ ဦးကို HIV ပိုးရှိ/မရှိ စစ်ဆေးခြင်း၊ ရောဂါပိုးရှိသူ ၂၅၅ ဦးကို ART ဆေးတိုက်ကျွေးခြင်းတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးအဖွဲ့အနေနဲ့ ညောင်ရွှေနဲ့ပေါက်ခေါင်းမြို့နယ်တို့မှာ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်မှုဝန်ထမ်း ဖွင့်လှစ်ပို့ချခဲ့ပြီးတော့ မြို့နယ် ၁၃ မြို့နယ်မှာရှိတဲ့ မျက်မမြင်ကျောင်း၊ နားမကြားကျောင်း၊ လူငယ်သင်တန်းကျောင်းနဲ့ ပရဟိတဂေဟာတွေမှာ မူးယစ်ဆေးဝါးပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ပါတယ်။ ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲတွေကို တက္ကသိုလ် ၃၂ ခု၊ ကောလိပ် ၁၃ ခု၊ အခြေခံပညာကျောင်းပေါင်း ၂၄၄ ကျောင်းမှာကျင်းပခဲ့ရာမှာ ဆရာ ဆရာမ၊ ကျောင်းသူကျောင်းသား ၁၀၄၂၄၀ ဦး တက်ရောက်ခဲ့ပါတယ်။ မြို့နယ် ၃၀ မြို့နယ်တို့မှာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းတွေမှာ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာပြိုင်ပွဲတွေ ဆုပေးပွဲများ ပြုလုပ်ခဲ့ပါတယ်။ ပြည်သူများ ပညာပေးလှုံ့ဆော်ရေးအဖွဲ့အနေနဲ့ စီမံချက်ကာလအတွင်းမှာ ၄၁၅ မြို့မှာ နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ နံရံကပ်စာစောင်ပြသမှုများကျင်းပခြင်းနှင့် ဓာတ်ပုံပြပွဲများပြုလုပ်ခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့အနေနဲ့ ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်းတွေကို မြို့နယ် ၁၂ မြို့နယ်မှာ ဆောင်ရွက်ခဲ့ပြီးတော့ ထိန်းချုပ်ဓာတုပစ္စည်းနဲ့ပတ်သက်ပြီးတော့ အသိပညာပေးဆွေးနွေးခြင်းတွေကို မြို့နယ် ၁၇ မြို့နယ်တို့မှာ ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအနေနဲ့လည်း ရန်ကုန်မြို့မှာ မူးယစ်ဆေးဝါးဆန့်ကျင်ရေး စာစီစာကုံးပြိုင်ပွဲ၊ မြန်မာ-အင်္ဂလိပ် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခဲ့ပြီးတော့ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှိမ်နင်းရေးအနေနဲ့ ၂၀၁၃ ခုနှစ် ဇွန်လကနေပြီးတော့ ၂၀၁၅ ခုနှစ် မတ်လအထိ ကာလအတွင်းမှာ ကလေး- တမူးဒေသမှာ သီတာစစ်ဆင်ရေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ရွှေလီစစ်ဆင်ရေး၊ ဟုမ္မလင်း-ခန္တီး-ဖောင်းပြင်ဒေသမှာ ချင်းတွင်းစစ်ဆင်ရေး၊ မန္တလေး-ကျောက်ဆည်-ပြင်ဦးလွင်ဒေသမှာ ရတနာပုံစစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးမှာ ရတနာပုံစစ်ဆင်ရေး(၂)၊ ကရင်ပြည်နယ်မှာ ဇွဲကပင်စစ်ဆင်ရေး၊ မွန်ပြည်နယ်မှာ ရာမညစစ်ဆင်ရေး၊ တရုတ်-လာအို- မြန်မာ- ထိုင်းနိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့ မဲခေါင်စစ်ဆင်ရေး စုစုပေါင်း စစ်ဆင်ရေး(၈)ခုတို့ဆောင်ရွက်ခဲ့ရာမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၆၁၇ မှု၊ တရားခံ ကျား၊ မ

ပေါင်း ၈၈၆ ဦးတို့ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီးတော့ မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုး ကျပ် ၁၂၀၈၅.၃၇၉ သန်းနှင့် မူးယစ်ဆေးဝါးရောင်းရငွေ ကျပ် ၄၁.၂၈၉ သန်းတို့ သိမ်းဆည်းရမိခဲ့ပါတယ်။ လက်ရှိမှာလည်း ၁၁-၅-၂၀၁၅ ရက်နေ့ကနေ စတင်ပြီးတော့မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ မဲခေါင်(၂) စစ်ဆင်ရေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ သံလွင်စစ်ဆင်ရေးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ရွှေလီ (၂) စစ်ဆင်ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြစ်မှုကျူးလွန်သူတွေကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်ရေးနှင့်ပတ်သက်လို့ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများဆိုင်ရာဥပဒေကို ၁၉၉၃ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် ၁/၉၃ နဲ့ထုတ်ပြန်ခဲ့တဲ့ဥပဒေဖြစ်ပြီးတော့ အခန်း(၉)ခန်းပါဝင်ပြီးတော့ အခန်း(၈)မှာ ပြစ်မှုနှင့်ပြစ်ဒဏ်ကို ပြဋ္ဌာန်းထားရာမှာ ပုဒ်မ ၁၅ မှ ၂၅ အထိ ပါဝင်ပါတယ်။ ဥပမာအနေနဲ့ ပုဒ်မ ၁၅ အရ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦးဟာ ဆေးကုသမှုမှတ်ပုံတင်ရန် ပျက်ကွက်မယ်ဆိုရင် အနည်းဆုံး သုံးနှစ်ကနေ အများဆုံးငါးနှစ် ထောင်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ ၁၆ အရ သုံးစွဲရန်အလို့ငှာ မူးယစ်ဆေးဝါး ဒါမှမဟုတ် ဥပဒေအရ တားမြစ်ထားတဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးတစ်မျိုးမျိုးကို လက်ဝယ်ထားရှိလျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၁၉ အရ ရောင်းချရန် အလို့ငှာဆောင်ရွက်တဲ့ ကျူးလွန်မှုအတွက် ထောင်ဒဏ်အနည်းဆုံး ၁၀ နှစ်မှ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိလည်းကောင်း၊ ပုဒ်မ ၂၀ အရ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်း/ပြည်ပသို့ တင်ပို့ခြင်းအတွက် ထောင်ဒဏ်အနည်းဆုံး ၁၅ နှစ်မှ သေဒဏ်အထိလည်းကောင်း ချမှတ်ဖို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ထို့အပြင် ပုဒ်မ ၂၄ အရ ပြစ်မှုကျူးလွန်ပြီးတော့ ရရှိတဲ့ငွေကြေးအကျိုးအမြတ်တွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမယ်လို့ ပြဋ္ဌာန်းထားတာကိုလည်း လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများမှာ ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သလိုပဲ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်နေတဲ့ ပစ္စည်းတွေကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှာ အမှုပေါင်း ၂၆၁၇ အနက် ၉၅ မှုမှာ စုစုပေါင်း တန်ဖိုး ၄၈၉၈ သိန်းဖြစ်ပြီးတော့ ၂၀၁၂ ခုနှစ်အတွင်းမှာ အမှုပေါင်း ၄၀၀၆ မှုအနက် ၂၅၉ မှုမှာ စုစုပေါင်း ၁၃၀၇၀ သိန်း၊ ၂၀၁၃ ခုနှစ် အမှုပေါင်း ၄၉၂၈ မှုအနက် ၄၂၈ မှုမှာ စုစုပေါင်း ၂၆၅၁၂ သိန်း၊ ၂၀၁၄ ခုနှစ်အတွင်းမှာ အမှုပေါင်း ၆၆၉၆ မှုအနက် ၉၆၇ မှုမှာ စုစုပေါင်းတန်ဖိုး ၁၂၆၀၆ သိန်း၊ ၂၀၁၅ ခုနှစ်

ဇန်နဝါရီလကနေ မေလ ၃၁ ရက်နေ့အထိ အမှုပေါင်း ၂၈၇၉ မှုအနက် ၃၂၂ မှုမှာ စုစုပေါင်းတန်ဖိုး သိန်း ၃၀၃၂ သိန်းတို့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေဟာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်အတိုင်းအတာများအရ မူလကတည်းကပင် ထိထိရောက်ရောက် အဟန့်အတားဖြစ်စေရန်နှင့် ပြည်သူကိုအကာအကွယ်ပေးနိုင်ရန် ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ တရားစွဲတင်ရာမှာ တရားစွဲအဖွဲ့အစည်းများရဲ့သဘောအတိုင်း ဆောင်ရွက်ခြင်းမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဥပဒေရုံးများရဲ့ ဥပဒေအကြံပြုချက်များနှင့်အညီ တရားစွဲတင်ခြင်းဖြစ်ပြီးတော့ ပြစ်ဒဏ်ချမှတ်ရာမှာလည်း တရားသူကြီးများရဲ့ဆင်ခြင်တုံတရားဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါ။ ရှင်းလင်းတင်ပြတဲ့ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ပစ္စည်းက ယခင်တုန်းက ဘိန်းကဲ့သို့စိုက်ပျိုးရတဲ့ပစ္စည်းပေါ်က ထုတ်လုပ်တဲ့ပစ္စည်းတွေဖြစ်ပါတယ်။ ဒါပေမဲ့ ယခုကာလမှာ သေးငယ်တဲ့စက်တွေနဲ့ ပေါ့ပါးပြီးလွယ်ကူစွာရွှေ့ပြောင်းနိုင်တဲ့ စက်တွေကို အသုံးပြုပြီးတော့ ဆေးဝါးထုတ်လုပ်တဲ့စက်တွေကို ဓာတုဗေဒပစ္စည်းများ ပေါင်းစပ်ပြီးထုတ်တဲ့လုပ်ငန်းနှစ်မျိုးတွေ့ရပါတယ်။ ထုတ်လုပ်တဲ့နေရာကတော့ ဓာတုပစ္စည်းများ အလွယ်တကူထုတ်လုပ်ရရှိနိုင်တဲ့ နယ်စပ်ဒေသများဖြစ်ပါတယ်။ ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချသူများပြားတဲ့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အဟန့်အတားဖြစ်တာ လက်တွေ့ ဒါမြန်မာနိုင်ငံဖြစ်နေတဲ့အခြေအနေဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါး ပပျောက်ရေးဆောင်ရွက်ရာမှာ အဓိကအပိုင်း(၂)ပိုင်းရှိပါတယ်။ ထုတ်လုပ်၊ သယ်ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချသူအပိုင်းနှင့် သုံးစွဲသူအပိုင်းဖြစ်ပါတယ်။ သုံးစွဲတဲ့အခါမှာဆို ဆိုးကျိုးကိုမသိလို့သုံးစွဲတဲ့သူ၊ ဆေးဝါးသုံးစွဲမိသူရယ်၊ ဆေးစွဲတဲ့သူရယ် နောက်ငွေကြေးတတ်နိုင်သည့်အသိုင်းအဝိုင်းကနေပြီးတော့ လူငယ်တွေအပျော်အပါးနဲ့ သုံးစွဲသူရယ်တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဆေးဝါးသုံးစွဲတဲ့သူများကိုလူသားချင်းစာနာထောက်ထားပြီး ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသော်လည်း ပြည့်ပြည့်ဝဝဖိဖိစီးစီးဆောင်ရွက်ပေးရန် လိုအပ်နေသေးကြောင်း တွေ့ရပါတယ်။ သုံးစွဲသူနှင့် ထုတ်လုပ်သူ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နေပါတယ်။ ထုတ်လုပ်တဲ့ဆေးဝါးရှိလို့ သုံးစွဲတာပါ။ သုံးစွဲသူရှိလို့ ထုတ်လုပ်တာပါ။ ဒါကြောင့်မို့လို့ အနာဂတ်လူငယ်တွေ မူးယစ်ဆေးသုံးစွဲသူများမဖြစ်ရန်နှင့် ပပျောက်စေရန်အတွက် (၁) ကျွန်တော်မေးချင်တဲ့မေးခွန်းက ထုတ်လုပ်သယ်ဆောင်၊ ရောင်းချ၊ ဖြန့်ဖြူးသူများ မြို့နယ်

အလိုက် စောင့်ကြည့်လေ့လာပြီး ထိရောက်ဟန့်တားတဲ့ ဟန့်တားမှုများဆောင်ရွက်ခြင်း၊ အဆိုပါ ပုဂ္ဂိုလ်များကို နောင်မလုပ်နိုင်ရန်အတွက် ထိရောက်ဟန့်တားတဲ့ပြစ်ဒဏ်ပေးခြင်းအပေါ် ပြန်လည် သုံးသပ်ဖို့လိုပါတယ်။ ဒါ ဥပဒေပဲဖြစ်ပါတယ်။ တကယ်လုပ်နေတဲ့အပေါ်မူတည် ပြန်လည်သုံးသပ်ဖို့ အဲဒီသုံးသပ်ခြင်းရှိ/မရှိရယ်၊ နောက် မေးခွန်း(၂)ကတော့ ဆေးစွဲတဲ့လူငယ်တွေကို မြို့နယ်အလိုက် သို့မဟုတ် ခရိုင်အလိုက် ဆေးပြည့်ပြည့်ဝဝကုသပေးနိုင်ရန် ဆေးပေးခန်း ဖွင့်လှစ်ဆောင်ရွက်ပေးနေ ရန်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ဖြစ်ဖြစ်၊ နိုင်ငံတော်သမ္မတကြီးရဲ့ရန်ပုံငွေကဖြစ်ဖြစ် ထုတ်ယူ သုံးစွဲခြင်း ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ထပ်ဆင့်မေးမြန်းပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့အတိုင်းပဲ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှာ အကြိမ် ကြိမ် ကျွန်တော်လည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီးတော့မှ ယခင် တုန်းက ဘိန်းတစ်မျိုးတည်းရှိတာကနေ နောက်ပိုင်းမှာ ဓာတုဆေးဝါးများနှင့် ပေါင်းစပ်ပြီးတော့မှ စိတ်ကြွဆေးဝါးများပါ ထုတ်လုပ်လာပြီးတော့ ဘိန်းနှင့်စိတ်ကြွဆေးပြားများပြဿနာ ဖြစ်ပေါ်လာပါ တယ်။ ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်ရေးအတွက်ကိုလည်း အစားထိုးစိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်သလို ဒီမူးယစ်ဆေးဝါးထုတ်လုပ်တာ၊ သယ်ဆောင်တာ၊ ရောင်းဝယ်တာ ဒါတွေနဲ့ပတ်သက် ပြီးတော့လည်း ထိရောက်တဲ့ပြစ်ဒဏ်တွေ ချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အခု လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ထုတ်လုပ်၊ သယ်ဆောင်၊ ဖြန့်ဖြူးသူများကို မြို့နယ်အလိုက် စောင့်ကြည့်ပြီးတော့မှ ထိရောက်တဲ့ပြစ်ဒဏ်ပေးနိုင်ဖို့ ဆောင်ရွက်တဲ့နေရာမှာ အဓိကအားဖြင့်တော့ လက်ရှိ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တွေအနေနဲ့ အဖွဲ့ပေါင်း ၅၀ ဖွဲ့ပြီးတော့ မြန်မာတစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ပြီးတော့ နေရာဒေသတွေမှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ အဓိကအားဖြင့် တော့ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အတွင်းမှာရှိတဲ့ ပြည်သူလူထုတွေဟာ ဒီနေရာမှာပူးပေါင်းပါဝင်ဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော် ယခင်တုန်းကလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်မှသာ ဒီမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တွေအနေနဲ့ စောစောကပြောတဲ့ သယ် ဆောင်တဲ့လူ၊ ရောင်းဝယ်တဲ့လူ၊ သုံးစွဲတဲ့လူ ဒါတွေကိုဖော်ထုတ်နိုင်ပြီးတော့မှ ထိထိရောက်ရောက် တားဆီးနိုင်မှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ ဖွဲ့စည်းထားတဲ့ မူးယစ်ဆေးဝါးတားဆီး

နှိမ်နင်းရေးအဖွဲ့ ၅၀ နဲ့ ရရှိတဲ့သတင်းအပေါ် မူတည်ပြီးတော့မှ စုံစမ်းဖော်ထုတ် အရေးယူမှုတွေ သယ်ဆောင်ရောင်းဝယ်သုံးစွဲတဲ့လူတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ လုပ်တဲ့နေရာမှာတော့ သက်ဆိုင်ရာ မြို့နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထု၊ ရပ်ကွက်ကျေးရွာအတွင်းမှာရှိတဲ့ ပြည်သူလူထုတွေအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ မြို့နယ်တစ်မြို့နယ်ချင်းစီကိုတော့ ကျွန်တော်တို့အသေးစိတ် စောင့်ကြည့်ဖို့ အစီအစဉ်မရှိပါဘူး။ လက်ရှိလုပ်နေတဲ့စီမံချက်တွေ ကျွန်တော် အထက်မှာတင်ပြသွားပြီးဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံပြီးတော့မှ ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ ဒီဆေးစွဲတဲ့လူငယ်တွေကို မြို့နယ်/ခရိုင်အလိုက် ဆေးခန်းဖွင့်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ပတ်သက်ပြီးတော့မှ ဒါကတော့ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဖြေကြားနိုင်ခြင်းမရှိပါဘူးဆိုတာ ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခွင့်သင့်လို့ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော်ကလည်း ဆက်စပ်လေးတစ်ခုလောက်တော့ မေးမြန်းကြည့်လိုပါတယ်။ ကျွန်တော်တို့ ဒီမူးယစ်ဆေးဝါး ဆေးဝါးဆိုတဲ့ဟာက မူးယစ်ဆိုတဲ့ဆေးကတွဲလိုက်တာနဲ့ ကျွန်တော်တို့အတွက်ကို မကောင်းတဲ့ဆေးဝါးဖြစ်သွားပါတယ်။ တကယ်တမ်းပြောရရင်တော့ ဆေးဝါးဆိုတာ ကျွန်တော်တို့ ရောဂါဘယကုသရေးမှာသုံးတဲ့နာမည်ပါ။ ဒါကို ရှေ့က မူးယစ်ဆိုတဲ့ဟာလေးတပ်လိုက်တာနဲ့ပဲ ကျွန်တော်တို့မှာ ဒီဟာအခက်အခဲဖြစ်ခဲ့ကြတယ်။ လွန်ခဲ့တဲ့ကာလတွေတုန်းကလည်း ကျွန်တော်တို့ ပြောရရင် ဆရာဝန်တွေချောင်းဆိုးတဲ့အခါ ဒီအချိန်ကာလဆိုတာ ရာသီဥတုအကူးအပြောင်းမှာ သွေးလွန်တုပ်ကွေးတွေနဲ့ အခုဆို ချောင်းဆိုးတွေလည်း ကျန်ခဲ့ကြပါတယ်။ ဒီနေရာမှာ ပျောက်ကင်းအောင်ကုသဖို့ဆိုရင် ဖန်ဆီဒိုင်းတို့ဘာတို့ ဟိုတုန်းက သမားတော်တွေက ပေးခဲ့ကြပါတယ်။ သို့သော်လည်းပဲ ဒီကလေးသူငယ်တွေသုံးလိုက်တဲ့အတွက် ဖန်ဆီဒိုင်းတွေလည်း ပိတ်သိမ်းလိုက်ကြတယ်။ တစ်ခါ ကျွန်တော်တို့ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းက ထုတ်လုပ်ခဲ့တဲ့ ကိုဒင်းဖော့တို့ ဘာတို့ ကျွန်တော်မှတ်မိပါတယ်။ အဲဒီဟာတွေတုန်းကလည်း အင်မတန်ကို ပဲ လျင်မြန်စွာပျောက်ကင်းသက်သာစေခဲ့ပါတယ်။ အဲဒီလို တလွဲသုံးလိုက်တိုင်းသုံးလိုက်တိုင်းမှာ ကျွန်တော်တို့ ဒီလိုပဲတားဆီးပိတ်ပင်လိုက်မယ်ဆိုရင် ဆေးဝါးကုသရေးမှာများ အနှောင့်အယှက်များ ဖြစ်နိုင်မလားလို့။ ဒါကြောင့်မို့လို့ ဒီနေရာမှာ စကားအလျဉ်းသင့်လို့ အရင်လည်း ကိုယ်စားလှယ်ကြီးများမေးခဲ့တာရှိပါလိမ့်မယ်။ လူငယ်များဟာ ကော်တောင်မှုရှူနေတဲ့အတွက် ကော်များပိတ်သိမ်းလိုက်

ရင်တော့ ကျွန်တော်တို့ ကော်မသုံးရဘူးအနေအထားရောက်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အကယ်၍ အခုကော ဒီမူးယစ်ဆေးဝါးတွေထဲမှာကို ပိတ်သိမ်းထားတဲ့အထဲမှာ ဒီဆေးဝါးနဲ့ပတ်သက်တဲ့ ရောဂါကုထုံးအတွက်ကိုပေးနေတဲ့ ဆေးဝါးတွေနဲ့ပတ်သက်လို့ကော ဘယ်လိုနောက်ထပ်များ အစီအစဉ်ရှိသေးလဲလို့များ ကျွန်တော်သိချင်လိုပါတယ်ခင်ဗျာ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ သာမန်သုံးစွဲနေတဲ့ဆေးတွေနဲ့ ပတ်သက်ပြီးတော့မှ မူးယစ်ဆေးဝါးပါဝင်တဲ့ ဆေးတွေရှိပါတယ်။ စောစောက လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးပြောသွားတဲ့ ကျွန်တော်တို့ ဖန်ဆီဒိုင်း နောက် မော်ဖိန်း ဒီလိုဆေးတွေရှိပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့က သက်ဆိုင်ရာဆရာဝန်ရဲ့ထောက်ခံချက်နဲ့ပဲ ဒါဟာသုံးစွဲဖို့အတွက် သတ်မှတ်ထားပါတယ်။ ဆေးတွေအားလုံးကို မူးယစ်ဆေးဝါးပါဝင်တဲ့ ဆေးတွေအားလုံးကိုတော့ ကျွန်တော်တို့က မူးယစ်ဆေးဝါးအဖြစ်နဲ့သတ်မှတ်ပြီးတော့ ပိတ်ပင်ထားတာ မရှိပါဘူး။ အသေးစိတ်စာရင်းတော့ ကျွန်တော့်ဆီမှာ ပါရှိလာခြင်းမရှိပါဘူး။ အကယ်၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခွင့်ပြုမယ်ဆိုရင်တော့ နောင်တစ်ချိန်မှာ ဒီဟာနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် အသေးစိတ်ကိုပြုစုပြီးတော့ ပြန်လည်တင်ပြသွားမှာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီး ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော်ကလည်း အခု ရာသီအပြောင်းအလဲလေးမှာ ချောင်းသံလေးတွေက တဟွတ်ဟွတ်နဲ့ကြားနေရတဲ့အတွက် ဒီလိုချောင်းဆိုးပျောက်ဆေးလေးတွေနဲ့ ပတ်သက်လို့များ အသုံးတည့်မယ့်ဟာလေးကို ကျွန်တော် ပတ်သက်ပြီး မေးမြန်းခဲ့ပေးခြင်းဖြစ်ပါတယ်။ ကျေးဇူးအထူးတင်ရှိပါတယ်။

**မြန်မာနိုင်ငံ၊ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ အုပ်ချုပ်ရေးနယ်မြေ နယ်နိမိတ်များ စနစ်တကျပြန်လည်စိစစ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သကါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏

အုပ်ချုပ်ရေးနယ်မြေ နယ်နိမိတ်များ စနစ်တကျပြန်လည်စိစစ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အုပ်ချုပ်ရေးနယ်နိမိတ်များဖြစ်တဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ နယ်နိမိတ်နဲ့ပတ်သက်ပြီး နေရာဒေသအချို့မှာ အငြင်းပွားဖွယ်ရာ တွေ့ရှိနေရပါတယ်။ မြေစီမံခန့်ခွဲရေးနှင့် မြေအသုံးချခွင့်အတွက် စီမံဆောင်ရွက်ရာမှာလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ရာမှာသော်လည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်က ဥပဒေနဲ့အညီ စီမံဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်ခိုင်မာတဲ့ နယ်နိမိတ်အပိုင်းအခြား သတ်မှတ်တဲ့အထောက်အထားများ လိုအပ်ပါတယ်။ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်များရဲ့ တိကျခိုင်မာတဲ့ နယ်နိမိတ်အငြင်းပွားနေတဲ့ကိစ္စများမှာ လွတ်လပ်ရေးမရမီ ဗြိတိသျှကိုလိုနီအစိုးရလက်ထက်က သတ်မှတ်ခဲ့တဲ့ အညွှန်းမြေပုံများကို ကိုင်ဆွဲပြီး အငြင်းပွားနေကြတာကိုလည်း တွေ့မြင်ကြားသိနေရပြီး အဲဒီအညွှန်းမြေပုံများသာလျှင် တိကျမှန်ကန်တယ်ဆိုပြီးတော့ တရားသေစွဲကိုင်အငြင်းပွားနေကြတာကိုလည်း တွေ့မြင်ကြားသိနေရပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်က စီမံခန့်ခွဲဆောင်ရွက်တဲ့နေရာမှာ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်း၊ တိကျမှန်ကန်ခိုင်မာမှုတရေးဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၁) ဥပဒေပြုစာရင်းမှာ လုပ်ပိုင်ခွင့်အမြောက်အမြားကိုလည်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ခွဲဝေအပ်နှင်းရန် စီစဉ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေအသုံးချမှုပိုမိုကျယ်ပြန့်လာမှာဖြစ်တဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ရဲ့ နယ်မြေပိုင်းခြားသတ်မှတ်တဲ့နယ်နိမိတ်ကိစ္စဟာ လွန်စွာမှ အရေးပါလာမှာဖြစ်ပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ ပညာရှင်များပါဝင်တဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ အုပ်ချုပ်ရေးနယ်မြေနယ်နိမိတ်များ စနစ်တကျပြန်လည်စိစစ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါကမည်သည့်အချိန်ကာလမှာ စတင်ဆောင်ရွက်မည်၊ အစီအစဉ်မရှိခဲ့လို့ရှိရင် အဘယ်ကြောင့်ဖြစ်တယ်ဆိုတာကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းရဲ့မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၉ မှာ နိုင်ငံတော်ကို တိုင်းဒေသကြီး ခုနှစ်ခု၊ ပြည်နယ် ခုနှစ်နှင့် ပြည်ထောင်စုနယ်မြေများနဲ့ ပိုင်းခြားသတ်မှတ်ထားရှိပြီးတော့ ပုဒ်မ ၅၀ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာတွေကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့နေရာမှာ လက်ရှိအခြေအနေအထိ တိုင်းဒေသကြီး ခုနှစ်ခု၊ ပြည်နယ် ခုနှစ်ခု၊ နေပြည်တော်၊ ခရိုင် ၇၄၊ မြို့နယ် ၃၃၀ နဲ့ မြို့ ၄၂၅၊ ရပ်ကွက် ၃၂၀၆ နဲ့ ကျေးရွာအုပ်စု ၁၃၆၀၂ နှင့် ကျေးရွာ ၆၃၈၃၇ နဲ့ နယ်နိမိတ်များ စနစ်တကျသတ်မှတ်ဆောင်ရွက်ထားရှိပြီးတော့ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်က စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေရဲ့ နယ်နိမိတ်တွေကို (UTM)မြေပုံတွေမှာ ရေးဆွဲဖော်ပြထားရှိပြီးတော့မှ မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာတွေရဲ့နယ်နိမိတ်တွေကိုတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကွင်းမြေပုံတွေနဲ့ ပိုင်းခြားသတ်မှတ်ထားရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ဒီနယ်နိမိတ်တွေသတ်မှတ်ထားရှိတဲ့အတိုင်း အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကတော့ နယ်နိမိတ်အငြင်းပွားမှုတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာတွေရဲ့ နယ်နိမိတ် အငြင်းပွားမှုကိစ္စတွေ ဖြစ်ပေါ်လာမယ်ဆိုလို့ရှိရင် တိုင်းတာသတ်မှတ်ထားပြီးဖြစ်တဲ့ (UTM) မြေပုံပေါ်မှာရှိတဲ့ နယ်နိမိတ်အမှတ်အသားတွေ၊ ကွက်စိတ်တိုင်းတာထားတဲ့ ကွင်းမြေပုံပေါ်မှာ အခြေခံပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်တဲ့ ကွင်းဆင်းတိုင်းတာရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးတော့မှ ဒီအဖွဲ့ကနေပြီးတော့မှ ဒေသခံပြည်သူလူထု၊ ရပ်မိရပ်ဖများရဲ့သဘောထားကို ပေါင်းစပ်ညှိနှိုင်းပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြပြီးတော့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့်

ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်၊ ဒိုင်နှမ်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ခွာဟုန်းရွာနဲ့ ဘွေရိန်းရွာ၊ ဒိုင်နှမ်းကျေးရွာ သုံးရွာဟာ နယ်နိမိတ်အငြင်းပွားမှုဖြစ်ပွားခဲ့ပါတယ်။ အဆိုပါ ကိစ္စကိုစိစစ်ဆောင်ရွက်တဲ့နေရာမှာ ဒိုင်နှမ်းကျေးရွာဟာ ၁၉၃၀ ခုနှစ်က နယ်နိမိတ်သတ်မှတ်ပေးစဉ် က ဖွဲ့စည်းတည်ရှိမှုမရှိသေးဘဲနဲ့ ၁၉၄၉ ခုနှစ်မှစတင်ပြီးတော့ ကျေးရွာစုစည်းတည်ရှိခဲ့ပြီး ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီးဌာနကနေ ၁၇-၉-၁၉၇၃ ရက်စွဲပါအမိန့်ကြော်ငြာစာနဲ့ ခွာဟုန်း၊ ဘွေရိန်းနှင့် ဒိုင်နှမ်းကျေးရွာ သုံးရွာကို ဒိုင်နှမ်းကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါ တယ်။ ယခုအခါမှာတော့ အဆိုပါ ကျေးရွာများရဲ့ နယ်နိမိတ်နဲ့ပတ်သက်ပြီးတော့မှ ခွာဟုန်း၊ ဘွေရိန်း နှင့် ဒိုင်နှမ်းကျေးရွာတွေရဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့ နယ်နိမိတ်အတိုင်း ချင်းပြည်နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနကနေ ဖွဲ့စည်းပေးထားတဲ့အဖွဲ့နဲ့ ကွင်းဆင်းတိုင်းတာဆောင်ရွက်ပေးလျက်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် စီမံဆောင်ရွက်တဲ့နေရာမှာလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၎င်းတို့ကိုင်တွယ်ကျင့်သုံးနေတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်ရဲ့ အုပ်ချုပ်ရေးနယ်မြေ နယ်နိမိတ်များဖြစ်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ ကျေးရွာတို့ကို စနစ်တကျသတ်မှတ်ဆောင်ရွက်ထားရှိ ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာတွေရဲ့ နယ်နိမိတ်တွေနဲ့ပတ်သက်ပြီးတော့ အငြင်းပွားဖွယ်ရာကိစ္စရပ်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ နေပြည်တော်ကောင်စီတို့က သတ်မှတ်ထားရှိတဲ့ နယ်နိမိတ်များအတိုင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီးတော့ နယ်နိမိတ်တွေကို ပြင်ဆင်ရန်၊ ဖွဲ့စည်းရန်၊ အမည်ပြောင်းလဲရန် လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ စနစ်တကျဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် အစိုးရ အဖွဲ့အနေနဲ့ ပညာရှင်များပါဝင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ အုပ်ချုပ်ရေးမှူးအဖွဲ့အဆင့် ဆင့်ရဲ့ အုပ်ချုပ်ရေးနယ်မြေ နယ်နိမိတ်တွေကို ပြန်လည်စိစစ်သတ်မှတ်ပေးရန် အစီအစဉ်မရှိပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

## ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (က)အရ ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်တဲ့ဥပဒေကြမ်းကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာမောင်မောင်သိမ်းမှ တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်ရန်အကြောင်းတွေ ပေါ်ပေါက်ပါတယ်။ ပြင်ဆင်ရမည့် အဓိကအကြောင်းတရားသုံးရပ်ရှိပါတယ်ခင်ဗျား။ နံပါတ်(၁)ကတော့ ပြောင်းလဲလာတဲ့ အခြေအနေအရ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ အခေါ်အဝေါ်များကို ပိုမိုပြည့်စုံစေရန်ပြုလုပ်ဖို့ ဖြစ်ပါတယ်။ ဒုတိယအကြောင်းရင်းကတော့ နိုင်ငံခြားပို့ကုန်ကနေပြီးတော့ရတဲ့ နိုင်ငံခြားငွေတွေ ပြည်တွင်းကိုပြန်မဝင်တာကို ဝင်လာအောင်အတွက် ကျွန်တော်တို့ တွန်းအားပေးနိုင်အောင်ဖြစ်ပါတယ်။ တတိယအကြောင်းတရားကတော့ နိုင်ငံခြားကို ငွေလွှဲတဲ့ကိစ္စတွေ၊ နိုင်ငံခြားကို ငွေတွေကို ကိုယ်တိုင်ယူသွားတဲ့ကိစ္စတွေကို ပိုမိုကြီးကြပ်ကွပ်ကဲနိုင်ဖို့ ဖြစ်ပါတယ်။ အဆိုပါအကြောင်း တရားသုံးရပ်ကြောင့် ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားသုံးငွေစီမံခန့်ခွဲတဲ့ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးပေးနိုင်ပါရန် လေးစားစွာနဲ့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်း လင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသ ကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျင့်သုံးလျက်ရှိသည့် နိုင်ငံခြားသုံးငွေ စီမံ ခန့်ခွဲမှုဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံခြားသုံးငွေ၏ အဓိပ္ပာယ်သတ်မှတ်ချက်များတွင် ရွှေကို ဖြည့်စွက်လိုခြင်း၊ ပို့ကုန်ရငွေများ ပြည်တွင်းသို့ လွှဲပြောင်းပေးပို့ရန် သတ်မှတ်လိုခြင်း၊ နိုင်ငံခြားသုံးငွေ ဖြင့် လွှဲပြောင်းပေးချေမှု၊ ပြည်တွင်းပြည်ပသို့ ယူဆောင်မှုများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စီမံ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၇-၂၀၁၅ ရက်နေ့တွင် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း

ကော်မတီအဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးတို့နှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံ ရမည့်မူ(၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေတွင် အပိုဒ်ပေါင်း (၁၅) ခုပါရှိပါသည်။

(ခ) အပိုဒ် ၂ ကိုအောက်ပါအတိုင်းပြင်ဆင်ပါသည် -

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂ တွင် -

(က) နိုင်ငံခြားငွေဆိုရာတွင် စာတိုက်ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲ လက်မှတ်များ၊ ခရီးသွားချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေး အမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များနှင့် နိုင်ငံခြားငွေ ငွေသား ဖြစ်သောဒင်္ဂါးများ၊ ငွေစက္ကူများပါဝင်သည်။

(ဂ) အပိုဒ် ၃ ရှိပုဒ်မ ၁၇ နှင့် အပိုဒ် ၈ ရှိပုဒ်မ ၂၉ တို့တွင်ပါရှိသော သတ်မှတ်ချက်များနှင့် အညီသာ စကားရပ်ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဟုပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၅ ရှိပုဒ်မ ၁၈-က ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၈-က။ နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် ရရှိသူ သည် -

(က) ငှင်းဆောင်ရွက်ပေးသည့် ပြည်တွင်း၌ နေထိုင်သူ၏ ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာ ဝင်ရောက်ခြင်းရှိမရှိစိစစ်ရမည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံခြားသုံးငွေ စီမံ ခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျ ဖော်ပြ၍ ၂၀-၇-၂၀၁၅ ရက်(တနင်္လာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃) ရက်မြောက်နေ့ဖြစ်သော ၁၀-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို အတိအကျရေးသားဖော်ပြ၍ ၁၄-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ဖြစ်သော ၁၀-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၄-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါကြောင့် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၇)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၇၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၇၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၈) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့ ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]